# နောင်နောင်တို့ ငါးမျှားထွက်ခြင်း



# Xay Goes Fishing
# နောင်နောင်တို့ ငါးများထွက်ခြင်း

Author: Soulikone Khensakda
Illustrator: Khamhoung Pasomsouk

Editor: လူသာမန်
Translators: နိုင်ဝင်းလှိုင်၊ မိုး၊ အောင်သိန်းသန်းဌေး၊ မချော

MM-ABP-19-0060
Copyright © 2016 by Room to Read
All rights reserved
Translated by MBAPF under license from Room to Read
Translation Copyright © 2019 by Room to Read

Originally published in Laos by Room to Read in 2016
First Myanmar Language Edition
ISBN – 978-99971-54-40-8

MBAPF

Myanmar Book Aid and Preservation Foundation (MBAPF) is a non-profit charity organization with the goal of improving quality and access to education and information services through community, public and school libraries in Myanmar (Burma).
Learn more at www.mbapf.org

Room to Read®

Room to Read ® provides technical assistance services in children's literacy and girls' education.
Learn more at www.roomtoread.org

Room to Read
465 California Street, Suite 1000
San Francisco, CA 94104
USA

Original Version available from:
Room to Read Laos: No. 92, Unit 5,
Wat Ban Village, Sisattanak District,
Vientiane Capital, Laos

ထုတ်ဝေသူ -
ဒေါက်တာသန့်သော်ကောင်း (မှတ်ပုံတင်အမှတ် - ၀၀၂၂၀)
Myanmar Book Centre စာပေတိုက်
အမှတ် (၅၅)၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

Distributed by:
Myanmar Book Centre
အမှတ် (၅၅)၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
Tel: (951) 212 409, 221 271, (959) 731 477 32, 730 159 93
Fax: (951) 221 271
Email: info@myanmarbook.com
www.MyanmarBook.com

ပုံနှိပ်သူ -
ဦးမြင့်သူ (မှတ်ပုံတင်အမှတ် - ၀၁၄၆၇)
Print City Design & Printing
No. 263, Corner of Thein Phyu Street & Maha Bandoola Road,
YMCA Building, Botahtaung Tsp, Myanmar. Tel: 09 965 000 118

# နောင်နောင်တို့ ငါးမျှားထွက်ခြင်း





နောင်နောင်တစ်ယောက်
ငါးမျှားထွက်လာတယ်။



သူ့သူငယ်ချင်းတွေက သူနဲ့အတူ
လိုက်ချင်ကြတယ်။ ဒါပေမယ့် သူ့လှေက
အရမ်းသေးနေတယ်။

“ငါ မင်းနဲ့ လိုက်လို့ရမလား” လို့ လှေပေါ်ကို
ခုန်တက်ရင်း ကျွဲကြီးက မေးလိုက်တယ်။





နောင်နောင့်လှေကလေး မြှုပ်သွားတယ်။
“အား...မရဘူး၊ မင်း လိုက်လို့ မရဘူးလေ”

လှေဝမ်းထဲကို ခုန်တက်လိုက်ရင်း "ငါ မင်းနဲ့
လိုက်လို့ရမလား" ဆိုပြီး မြင်းက မေးတယ်။



ဒီတစ်ခါလည်း နောင်နောင့်လှေကလေး
နစ်မြုပ်သွားပြန်တယ်။ “မရဘူး၊ မင်းလည်း
ငါနဲ့ လိုက်လို့ မရဘူး”



လှေဝမ်းထဲကို ခြေလှမ်းလိုက်ရင်း “ငါရော
မင်းနဲ့ လိုက်လို့ရမလား” လို့ ဆိတ်က
မေးတယ်။



နောင်နောင့်လှေကလေး
နစ်မြုပ်သွားပြန်တာပါပဲ။
“မရဘူး၊ မင်းလည်း လိုက်လို့ မရဘူး”



လှေပေါ်ကို တက်လိုက်ရင်း "ငါရော လိုက်လို့ရမလား" ဆိုပြီး ဝက်က မေးတယ်။



နောင်နောင့်လှေကလေး မြုပ်ပြန်ပြီ။
“မရဘူး၊ မင်းလည်း လိုက်လို့ မရဘူး”



လှေပေါ်ကို လှမ်းတက်ရင်း ခွေးက
မေးပြန်တယ်။ "ငါရော မင်းနဲ့ လိုက်လို့
ရမလား"



နောင်နောင့်လှေကလေး မြှုပ်သွားပြန်တယ်။
“မရဘူး၊ မင်းလည်း လိုက်လို့ မရဘူးကွာ”



စွေ့ခနဲ ခုန်တက်လိုက်ရင်း “ငါ မင်းနဲ့
လိုက်လို့ ရမလား” ဆိုပြီး ကြောင်လေးက
မေးလိုက်တယ်။





ဒီတစ်ခါမှာတော့ နောင်နောင့်
လှေကလေး မြုပ်မသွားပါဘူး။
"ရတယ်၊ မင်းတော့လိုက်လို့ ရတယ်"



နောင်နောင်နဲ့ ကြောင်ကလေးတို့ဟာ
မြစ်လယ်အထိ သွားပြီး ငါးမျှားကြတယ်။



ငါးတွေ အများကြီး
ဖမ်းမိတဲ့အတွက် သူတို့
သိပ်ပျော်ရွှင်ကြတယ်။



ခဏကြာတော့ နောင်နောင်နဲ့
ကြောင်လေးဟာ ကမ်းစပ်မှာ
ကျန်ခဲ့တဲ့ သူတို့ရဲ့သူငယ်ချင်းတွေကို
သတိရသွားကြတယ်။



အဲဒါကြောင့် ကမ်းစပ်က သူငယ်ချင်းတွေဆီ
လှေဦး ပြန်လှည့်ခဲ့ ကြတယ်။




အဲဒီနောက်မှာတော့ မြစ်ကမ်းစပ်မှာပဲ
သူတို့အားလုံး ပျော်ရွှင်စွာ
ငါးမျှားကြပါတော့တယ်။



Xay is going fishing and all his pets want to go with him. But buffalo, horse, goat, pig and dog and pig are too heavy! Only the little cat does not sink the boat. Xay and the cat go fishing alone, but it is lonely on the river and they miss their friends. Can Xay find a way for them to all fish together?


စာရေးသူ -



Soulikone Khensakda သည် ၁၉၉၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ မွေးဖွားခဲ့သည်။ သူသည် Savanakhet Teachers Training College, Faculty of Social Science ၏ တတိယနှစ်ကျောင်းသား တစ်ယောက်ဖြစ်သည်။ Soulikone သည် Room to Read မှ ၂၀၁၅ ခုနှစ်တွင် စီစဉ်ကျင်းပသည့် စာရေးသူများ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ခဲ့သည်။

သရုပ်ဖော် ရေးဆွဲသူ -



Khamhoung Pasomsouk သည် ၁၉၈၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ မွေးဖွားခဲ့သည်။ သူသည် အနုပညာ Teachers' Training College မှ ဘွဲ့ရရှိခဲ့ပြီး ယခုလက်ရှိတွင်လည်း Central Children's Teachers' Training College ၌ပင် နည်းပညာဆရာအဖြစ် လုပ်ကိုင်လျက်ရှိသည်။ သူသည် ထုတ်ဝေသူများစွာအတွက် ကလေးစာအုပ်များကို သရုပ်ဖော်ရေးဆွဲပေးခဲ့သည်။ Room to Read ၏ ၂၀၁၆ ခုနှစ်တွင် ကျင်းပသော သရုပ်ဖော်ရေးဆွဲသူများ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ခဲ့သည်။ ယခုစာအုပ်သည် Room to Read အတွက် သူ၏ပထမဦးဆုံးစာအုပ်ဖြစ်သည်။

နောင်နောင်တစ်ယောက် ငါးမျှားသွားတဲ့နောက်ကို
သူ့သူငယ်ချင်းတွေ အားလုံး လိုက်ချင်နေကြတယ်။
ဒါပေမယ့် သူတို့အားလုံးရဲ့ ဝန်ကို လှေကလေးက
မထမ်းနိုင်ဘူး။ နောင်နောင် ဘယ်သူ့ကိုများ
ခေါ်သွားမှာပါလိမ့်။

